**စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)**
**သင်တန်းအမှတ်စဉ်(၉) သင်တန်းဝင် ညွှန်ကြားလွှာ**

**အကြောင်းအရာ**

၁။ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)၊ အမှတ်စဉ်(၉)သင်တန်းအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)၊ အမှတ်စဉ်(၉)။

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးစက်မှုနယ်မြေ၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂)စက်မှု သင်တန်းကျောင်း(မန္တလေး) တွင် ဖွင့်လှစ်မည်။

**သင်တန်း အမျိုးအစား နှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ သင်တန်းတွင် အောက်ပါဘာသာရပ်များအား စာတွေ့ (၃၀%) လက်တွေ့ (၇၀%) သင်ကြား ပို့ချမည်ဖြစ်ပြီး လက်တွေ့သင်ကြားမှုကို ဦးစားပေး သင်ကြားပို့ချပမည်။ သင်တန်းသား/သူ စုစုပေါင်း (၂၀၀)ဦးကို အောက်ဖော်ပြပါ ဘာသာရပ်များအလိုက် လက်ခံသင်ကြားပေးမည် ဖြစ်ပါသည် -

| စဉ် | သင်ကြားပို့ချမည့်ဘာသာရပ် | သင်တန်း သား/သူဦးရေ | သင်တန်း ကာလ | ပညာ အရည်အချင်း |
|---|---|---|---|---|
| ၁ | စက်ခုတ်စားမှုစက်ကိရိယာကိုင်တွယ် မောင်းနှင်မှုသင်တန်း (Conventional Machine Tools Operator Course) | ၃၅ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း ဖြေဆိုဘူးသူ |
| ၂ | ကွန်ပျူတာသုံးဒီဇိုင်း/ထုတ်လုပ်မှုနှင့် စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း (CAD/CAM & CNC Course) | ၄၀ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း ဖြေဆိုဘူးသူ |
| ၃ | လျှပ်စစ်ပညာသည် သင်တန်း (Electrical Fitter Course) | ၄၀ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း ဖြေဆိုဘူးသူ |
| ၄ | ဂဟေဆက်သတ္တုရည်စိမ်နှင့် မျက်နှာပြင်ပြုပြင်ခြင်းသင်တန်း (Welding, Electroplating & Surface Treatment Course) | ၃၅ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း ဖြေဆိုဘူးသူ |
| **စုစုပေါင်း** | | **၁၅၀ ဦး** | | |

**<u>လျှောက်ထားခွင့်ရှိသူများ</u>**

၅။ ကျန်းမာရေး ကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ ဖြစ်ရမည်။

**<u>လျှောက်ထားသူများတွင်ရှိရမည့် သတ်မှတ် အရည်အချင်းများ</u>**

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ ဖြစ်ရမည် -

(က) အခြေခံပညာ အထက်တန်း(တက္ကသိုလ်ဝင်တန်း) သင်ယူ/ဖြေဆိုဘူးသူ။

(ခ) ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်၊ တနင်္လာနေ့ (သင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်) တွင် အသက် (၁၇)နှစ် ပြည့်ပြီး(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံသား (ကျား/မ) ဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူ။

**<u>လျှောက်ထားခြင်း</u>**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင်ရယူနိုင်ပြီး၊ လျှောက်လွှာပါ အချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို သေချာစွာဖြည့်စွက် လျှောက်ထားရန် လိုအပ်ပါသည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့် ရရှိသူအမည်စာရင်းကို လူတွေ့နှုတ်မေး စစ်ဆေးမည့်ရက် မတိုင်မီ ကြိုတင်၍ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ကြေငြာထားမည် ဖြစ်ပါသည်။

**(က) <u>လျှောက်လွှာရရှိနိုင်သောနေရာများ</u>**

၂၀၁၆ ခုနှစ်၊ ဇွန်လ(၁၃)ရက်နေ့ မှစ၍ အောက်ဖော်ပြပါဌာနများတွင် ရယူနိုင်ပါသည်-

(၁) အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။

(၂) စက်မှုဝန်ကြီးဌာန ၊ ရုံးအမှတ်( ၃၀ )၊ နေပြည်တော် ။

(၃) www.industry.gov.mm နှင့် www.itcmandalay.com website များတွင် download ပြုလုပ်ပြီး ရယူနိုင်ပါသည်။

**(ခ) <u>လျှောက်လွှာ ပိတ်ရက် / ပေးပို့ရန်နေရာ</u>**

<u>၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ(၃)ရက် (၁၆:၀၀)နာရီ</u> နောက်ဆုံးထား၍ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။ (သို့မဟုတ်)

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**(ဂ) <u>လျှောက်လွှာနှင့် အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ</u>**

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပါရှိရမည် -

| | | |
|---|---|---|
| (၁) | လျှောက်လွှာမူရင်း | (၁) စောင် |
| (၂) | နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ | (၁) စောင် |
| (၃) | လိုင်စင်ဓါတ်ပုံ | (၃)ပုံ |

(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေ- (၁) စောင်
အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ (မူရင်း) (သို့မဟုတ်)
မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာ (မူရင်း)

(၅) တက္ကသိုလ်ဝင်တန်း သင်ယူပြီးမြောက်ကြောင်း- (၁) စောင်
လက်မှတ် (မိတ္တူ) (သို့မဟုတ်)
တက္ကသိုလ်ဝင်တန်း သင်ယူ/ဖြေဆိုဖူးကြောင်း
ထောက်ခံစာ (မူရင်း)

(၆) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ဆေးထောက်ခံစာ(မူရင်း) (၁)စောင်

မှတ်ချက်။ အသက်နှင့် ပညာအရည်အချင်းအတွက် လျှောက်လွှာ၏ကျောဘက်တွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ကို ဖြည့်စွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လျှောက်ထားသူသည် စက်မှုဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက ပညာအရည်အချင်းနှင့် ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန အကြီးအကဲ၏ ထောက်ခံချက်ကိုသာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

**<u>အရည်အချင်းစစ်ဆေးခြင်း</u>**

၈။ သင်တန်းတက်ရောက်ခွင့် ရရှိရေးအတွက် အင်္ဂလိပ်စာအခြေခံ၊ သင်္ချာအခြေခံနှင့် စက်မှု ဗဟုသုတများအတွက် လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့နှုတ်မေး စစ်ဆေးခြင်းကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂)စက်မှု သင်တန်းကျောင်း(မန္တလေး)တွင် (၂၆.၁၀.၂၀၁၆) ရက်နေ့မှ (၂၈.၁၀.၂၀၁၆) ရက်နေ့အထိ (၃)ရက် ပြုလုပ်သွားပါမည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့်ရရှိသူ အမည်စာရင်းကို လူတွေ့နှုတ်မေး စစ်ဆေးမည့် ရက်မတိုင်မီ ရက်သတ္တ(၁)ပတ်အလို၌ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ကြော်ငြာထားမည်ဖြစ်ပြီး၊ တယ်လီဖုန်းနံပါတ် (၀၂-၃၆၂၁၇) နှင့် (၀၂-၆၁၃၈၂) တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ လူတွေ့စစ်ဆေးရာတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြား(**မူရင်း**)၊ တက္ကသိုလ်ဝင်တန်း သင်ယူပြီးမြောက်ကြောင်းလက်မှတ် (**မူရင်း**) **(သို့မဟုတ်)** တက္ကသိုလ်ဝင်တန်း သင်ယူဖြေဆိုဘူးကြောင်း ထောက်ခံစာ(**မိတ္တူ**)တို့ကို တပါတည်း ယူဆောင်လာရ မည်။ သင်တန်းဝင်ခွင့် ရသူများအတွက် အောင်စာရင်းကို အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် ကြေငြာထားပါမည်။

**<u>သင်တန်းဖွင့်လှစ်မည့်နေ့ရက်</u>**

၉။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့တွင် သင်တန်းဖွင့်လှစ်ပါမည်။ သင်တန်းဝင်ခွင့် ရသူများသည် မိမိအစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)သို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့ထက် မစော၊ နိုဝင်ဘာလ(၁၉)ရက်နေ့ (၁၆:၀၀)နာရီထက်နောက်မကျစေဘဲ အုပ်ထိန်းသူ တစ်ဦးနှင့်အတူ ကိုယ်တိုင် လာရောက် သတင်းပို့ရပါမည်။

**<u>သင်တန်းကာလ</u>**

၁၀။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက် မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက် အထိ (၁)နှစ် ။

**<u>နေရာထိုင်ခင်း</u>**

၁၁။ လူတွေ့နှုတ်မေးစစ်ဆေးခြင်းကာလ၌ နေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များကို မိမိအစီအစဉ်ဖြင့်ဆောက်ရွက်ရမည်၊ သင်တန်းတက်ရောက်စဉ် ကာလအတွင်း နေရာထိုင်ခင်း အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝင်ခွင့်အောင်မြင်သူများအတွက် ဦးစားပေးအစီအစဉ်အလိုက် အသင့်နေထိုင်နိုင်သော ကျောင်းဆောင်များတွင် နေရာချထားပေးမည်။

(ခ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သော အကြောင်းကြောင့်ဖြစ်စေ သင်တန်းကျောင်း အဆောင်များတွင် လာရောက်တည်းခိုခွင့်မပြုပါ။

**<u>စားစရိတ်နှင့်ရိပ်သာကြေး</u>**

၁၂။ သင်တန်းသားတစ်ဦးလျှင် လစဉ်စားစရိတ်နှင့် ရိပ်သာကြေးအဖြစ် (၂၅,၀၀၀) ကျပ် သတ်မှတ် ထားပါသည်။

**<u>သတ်မှတ်ယူနီဖောင်း</u>**

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူအားလုံးသည် နက်ပြာရောင် (အင်္ကျီ၊ ဘောင်းဘီ ရှည်) တူညီယူနီဖောင်းကို ဝတ်ဆင်ရမည်။

**<u>စည်းကမ်းချက်များ</u>**

၁၄။ သင်တန်းသားများသည် အောက်ပါသင်တန်းစည်းကမ်းများကို လိုက်နာကြရပါမည်-

(က) သင်တန်းကာလ ပြီးဆုံးအောင်တက်ရောက်ပါမည်ဟု သင်တန်းသား ကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသော ကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါမည်။

(ခ) သင်တန်းကာလအတွင်း မည်သည့်စာမေးပွဲမှ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ ။

(ဂ) သင်တန်းသား/သူများသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန် (၈၀%) ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုပါမည်။

(ဃ) သင်တန်းကျောင်းမှဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာနိုင်ရပါမည်။

(င) စက်မှုဝန်ကြီးဌာန ဝန်ထမ်းသင်တန်းသားများသည် စည်းကမ်းပျက်ကွက်၍ သင်တန်းမှ ထုတ်ပယ်ခြင်းခံရလျှင် ပျက်ကွက်ဝန်ထမ်း တစ်ဦးကဲ့သို့ အရေးယူခြင်းခံရမည်ကို သိရှိလိုက်နာမည့်အကြောင်းနှင့် သင်တန်းဆင်းပြီးသည့်နေ့မှစ၍ မိခင်စက်ရုံ၊ လုပ်ငန်း၊ ဌာနတို့တွင် ဆက်တိုက် (၅)နှစ် တာဝန်ထမ်းဆောင်ပါမည့်အကြောင်း သက်ဆိုင်ရာစက်ရုံ၊ လုပ်ငန်းဌာနတို့တွင် ကြိုတင်ကတိဝန်ခံချက် လက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆို ခဲ့ရပါမည်။

**<u>အောင်လက်မှတ်ချီးမြှင့်ခြင်း</u>**

၁၅။ သင်တန်းကာလပြီးဆုံးအောင်တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်း ဆင်းပွဲအခမ်းအနားတွင် အောင်လက်မှတ်ချီးမြှင့်ပါမည်။

**မှတ်ချက်။** ဝန်ကြီးဌာနများနှင့် စက်မှုဇုန်များအနေဖြင့် မိမိလက်အောက်ရှိဌာနခွဲများ၊ တပ်ရင်းတပ်ဖွဲ့များသို့ ဤညွှန်ကြားလွှာမူရင်းအတိုင်း အချိန်မီ ဖြန့်ဝေပေးပါရန်နှင့် လျှောက်လွှာပိတ်ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ(၃)ရက် မတိုင်မီ လျှောက်လွှာတင်နိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စက်မှုဝန်ကြီးဌာန**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ်(၂) စက်မှုသင်တန်းကျောင်း ( မန္တလေး )**

**သင်တန်းအမှတ်စဉ် ( ၉ )**

**သင်တန်းဝင်ခွင့် လျှောက်လွှာ**

**ဓာတ်ပုံ (၁) ပုံကပ်ရန်**

**အပို (၂)ပုံ ပူးတွဲတင်ပြရန်**

၁။ လျှောက်ထားသူအမည် ------------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------------

၃။ မွေးသက္ကရာဇ်/အသက် ------------------------------------------------------

၄။ လူမျိုး/ဘာသာ ------------------------------------------------------

၅။ အောင်မြင်ခဲ့သောပညာအရည်အချင်း ------------------------------------------------------

၆။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------------------

၇။ ဆက်သွယ်ရန်လိပ်စာ ------------------------------------------------------

( **ပြည့်စုံစွာဖော်ပြရန်** ) ------------------------------------------------------

၈။ ကိုယ်ပိုင်/တစ်ဆင့်ခေါ်တယ်လီဖုန်းနံပါတ် ------------------------------------------------------

၉။ လျှောက်ထားသူ၏ဖခင်အမည် ------------------------------------------------------

၁၀။ ဖခင်၏အလုပ်အကိုင်/ဌာန ------------------------------------------------------

၁၁။ လျှောက်ထားသူ၏မိခင်အမည် ------------------------------------------------------

၁၂။ မိခင်၏အလုပ်အကိုင်/ဌာန ------------------------------------------------------

၁၃။ အိမ်ထောင်ရေးအခြေအနေ(လူပျို/အပျို) ------------------------------------------------------

လျှောက်ထားသူ

လက်မှတ်------------------------

အမည် ------------------------

## ကျောင်းထောက်ခံစာ

လျှောက်ထားသူ ---------------------------- သည်၊----------------------မြို့၊ -----------------------
-------------------------ကျောင်း၊ -------------------- ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းကို သင်ကြားပြီးမြောက်သူ ဖြစ်ပါသည်။ ကျောင်းဝင်ခွင့် မှတ်ပုံတင်စာရင်းအရ ၄င်း၏ မွေးသက္ကရာဇ်မှာ -------------- (စာဖြင့်) ------------------------------------------------------------------------------ ဖြစ်ပါသည်။

ကျောင်းတံဆိပ်

ကျောင်းအုပ်ကြီး

**မှတ်ချက်**။ ကျောင်းထောက်ခံချက်တွင် မွေးသက္ကရာဇ်ကို ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်နိုင်ရန် စာဖြင့် တိတိကျကျ ရေးသားဖော်ပြရန် မေတ္တာရပ်ခံအပ်ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃) ရက် (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)**(သို့မဟုတ်)**သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀) နေပြည်တော်သို့ အရောက်ပေးပို့ရမည်။

**လျှောက်ထားသူ နှင့် ထောက်ခံသူ မိဘ၏ ကတိဝန်ခံချက် လက်မှတ် ရေးထိုးရန်**

(က) သင်တန်းကာလ ပြီးဆုံးအောင် တက်ရောက်ပါမည်။

( ခ) သင်တန်းကာလအတွင်း မည်သည့် စာမေးပွဲကိုမှ ဖြေဆိုခြင်း မပြုပါ။

(ဂ ) သင်တန်းကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပါမည်။

**လျှောက်ထားသူ** **ထောက်ခံသူမိဘ**

| | |
|---|---|
| လက်မှတ် ------------------ | လက်မှတ် ------------------------------ |
| အမည် ------------------ | အမည် ------------------------------ |
| | နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------------------- |
| | အလုပ်အကိုင်/ဌာန --------------------------- |

**စက်မှုဝန်ကြီးဌာန**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ်(၂) စက်မှုသင်တန်းကျောင်း ( မန္တလေး )**

**သင်တန်းအမှတ်စဉ် ( ၉ )**

**စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏**

**သင်တန်းဝင်ခွင့် လျှောက်လွှာ**

ဓာတ်ပုံ (၁) ပုံကပ်ရန်

အပို (၂) ပုံပူးတွဲတင်ပြရန်

၁။ လျှောက်ထားသူအမည် ------------------------------------------------

၂။ အလုပ်ဝင်အမှတ် ------------------------------------------------

၃။ ရာထူး/လစာနှုန်း ------------------------------------------------

၄။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------

၅။ မွေးသက္ကရာဇ်/အသက် ------------------------------------------------

၆။ လူမျိုး/ဘာသာ ------------------------------------------------

၇။ အောင်မြင်ခဲ့သောပညာအရည်အချင်း ------------------------------------------------

၈။ အမြဲတမ်းနေရပ်လိပ်စာ( **ပြည့်စုံစွာဖော်ပြရန်** )------------------------------------------------

------------------------------------------------------------------------------------------------

၉။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် ------------------------------------------------

၁၀။ လျှောက်ထားသူ၏ဖခင်အမည် ------------------------------------------------

၁၁။ ဖခင်၏အလုပ်အကိုင်/ဌာန ------------------------------------------------

၁၂။ လျှောက်ထားသူ၏မိခင်အမည် ------------------------------------------------

၁၃။ မိခင်၏အလုပ်အကိုင်/ဌာန ------------------------------------------------

၁၄။ အိမ်ထောင်ရေးအခြေအနေ(လူပျို/အပျို)------------------------------------------------

လျှောက်ထားသူ

လက်မှတ် --------------------

အမည် --------------------

## ပညာအရည်အချင်းနှင့် ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ

လျှောက်ထားသူ ------------------------------- သည် စက်မှုဝန်ကြီးဌာန၊ -------------------------- ---------------------------------------- လုပ်ငန်း၊ -------------------------------- စက်ရုံ/ဌာနတွင် -------------------------------- ရာထူးဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပြီး၊ ပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်တန်း ကို ----------------------------- ပညာသင်နှစ်၌ သင်ယူပြီးမြောက်ခဲ့သူဖြစ်ကြောင်း ထောက်ခံပါသည်။

ရုံးတံဆိပ်

အထွေထွေမန်နေဂျာ/ဌာနမှူး

---------------------------------- လုပ်ငန်း

**မှတ်ချက်**။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃) ရက် (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) **(သို့မဟုတ်)** သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀) နေပြည်တော်သို့ အရောက် ပေးပို့ရမည်။

**<u>လျှောက်ထားသူ ဝန်ထမ်း နှင့် ထောက်ခံသူ ဌာနအကြီးအကဲ၏ ကတိဝန်ခံချက်</u>**

(က) သင်တန်းကာလ ပြီးဆုံးအောင် တက်ရောက်ပါမည်။

(ခ) သင်တန်းကာလအတွင်း မည်သည့် စာမေးပွဲကိုမှ ဖြေဆိုခြင်း မပြုပါ။

(ဂ) သင်တန်းကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာပါမည်။

(ဃ) သင်တန်းကာလ ပြီးဆုံးသည့်အခါ မိမိတာဝန် ထမ်းဆောင်သည့်ဌာနတွင် သင်တန်းဆင်းသည့်နေ့မှစ၍ (၅)နှစ် ဆက်လက်၍ တာဝန်ထမ်းဆောင်ပါမည်။ အကယ်၍ (၅)နှစ် ပြည့်သည့်တိုင်အောင် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်ဝန်ထမ်း တစ်ဦးကဲ့သို့ အရေးယူခြင်းခံပါမည်။

| **<u>လျှောက်ထားသူ</u>** | | **<u>ထောက်ခံသူဌာနအကြီးအကဲ</u>** | |
|---|---|---|---|
| လက်မှတ် | ------------------ | လက်မှတ် | ------------------------------- |
| အမည် | ------------------ | အမည် | ------------------------------- |
| ရာထူး | ------------------------------- | ရာထူး | ------------------------------- |
| စက်ရုံ/ဌာန | -------------------------------- | စက်ရုံ/ဌာန | ------------------------------- |
| လုပ်ငန်း | ------------------------------ | လုပ်ငန်း | ------------------------------- |